# တောဦး

## ဝတ္ထုတို ၅ ပုဒ်



mgyoe.com
mgyoe.com

mgyoe.com

ဝတ္ထုတို ၅ ပုဒ်၊ စောဦး
မျက်နှာဖုံးပန်းချီ - တော်တီဆွေ
စာမျက်နှာ ၈၀ မျက်နှာ၊ ၁၂·၈ စင်တီ× ၁၈·၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းညို၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၇၊ အောက်တိုဘာလ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀၊

ရောင်းဈေး ၈၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

■ ■ ■ ■ ■ ■ ■ ■ ■

# ဝတ္ထုတို ၅ ပုဒ်

စောဦး

မြန်မာဝတ္ထုတိုရာပြည့် (၁၉၁၇-၂၀၁၇) အမှတ်တရ

ပထမအကြိမ် ၂၀၁၇

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# မာတိကာ


| | | |
|---|---|---|
| ၁။ | လွတ်လူ | ၁ |
| ၂။ | စာရွက်နှစ်ရွက် | ၂၂ |
| ၃။ | သာတော့ကာ သာပါလိမ့် | ၃၁ |
| ၄။ | မိနီ | ၄၈ |
| ၅။ | ဘကြီးဖောင် | ၆၈ |


❑

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com



mgyoe.com

mgyoe.com

# လွတ်လူ

(၁)

ထိုနေ့က ကျွန်တော်တို့ နှစ်ယောက်သည် ထောင်နံရံ၏ခြေရင်း၌ ကပ်၍ ဖောက်ထားသော မြေလမ်းကလေးပေါ်၌ စကားတပြောပြောနှင့် လမ်းလျှောက်လျက်ရှိပေ၏။

ပုဒ်မ ၅ အကျဉ်းသားများသည် ထိုစဉ်က အတော်အသင့် လွတ်လပ်ခွင့် ရနိုင်သေးသည်ဟု ဆိုနိုင်လောက်အောင်ပင် ချုပ်ချယ်မှုများ ကမ်းမကုန်သေးရကား... ထောင်နံရံကို ကျော်တက်ရန် အားမထုတ်သေးသမျှ အိပ်ထောင်သံတိုင်ကို လွှနှင့် မတိုက်ဖျက်သေးသမျှ ထောင်စည်းဝိုင်းအတွင်း၌ အညောင်းပြေလမ်းလျှောက်ခွင့်၊ အချင်းချင်း စကားပြောခွင့်၊ ညောင်ပင်ပေါ်တက်ခွင့်၊ (မှန်ပါသည်။ ထောင်စည်းဝိုင်းအတွင်း၌ မြင့်မားသော ညောင်ကျပ်ပင်ကြီးတစ်ပင်ရှိရာ ထိုအပင် ထိပ်ဖျားသို့ တက်ရောက်ရခြင်းသည် ကြီးမားသော အခွင့်အရေးတစ်ရပ်ပင် ဖြစ်ပါသည်။ ငယ်ရွယ်သော ပုဒ်မ ၅ ကလေးများနှင့် နှစ်ကြီး ပုဒ်မ ၅ အကျဉ်းသား သခင်ဘုန်းကြီး ဦးဉာဏတို့သည် ညနေတိုင်းပင်

mgyoe.com

mgyoe.com


ညောင်ပင်ထိပ်ဖျားသို့တက်၍ လမ်းပေါ်မှ အပျိုချောကလေးများကို မှန်ပျောင်းဖြင့် ကသိုဏ်းရှုလေ့ရှိပါသည်။) ဖဲရိုက်ခွင့် (၎င်းကိုမူ ပြည်သူ့ပစ္စည်းအလွဲသုံးစားမှုဖြင့် အချုပ်ခံနေရသူများ အပျင်းပြေကျင့်သုံးတတ်ကြပါသည်။) သီချင်းအော်ဆိုခွင့်၊ အလေးမ ဘောလုံးကန်၊ ခြင်းခတ်မှ အစ၊ ကြိုက်နှစ်သက်ရာကို တစ်ကိုယ်တည်းဖြစ်စေ၊ အစုအဝေးနှင့်ပင်ဖြစ်စေ လုပ်နိုင်ကိုင်နိုင်ခွင့် ရရှိနိုင်သည့်အချိန်ပင် ဖြစ်ပါပေ၏။

တစ်ခု ကျန်ပေသေး၏။ ရေချိုးလျှင် ခွက်ခြင်စံပုံစံစနစ် မရှိသေး။ ဝဝလင်လင် ရေချိုး အဝတ်လျှော် ချေးတွန်းခြင်း ပြုနိုင်ဆဲအခါလည်း ဖြစ်ပေ၏။

ကိုဖေအောင်နှင့် ကျွန်တော်ဆိုလျှင် ပုဒ်မ ၅ သမားချင်းလည်းဖြစ်၊ သက်တူရွယ်တူလည်း ဖြစ်၊ ခုတင်ချင်းလည်း ကပ်နေလျက်၊ ထောင်ဝေါဟာရအားဖြင့် 'မဲ့စ်' ခေါ် ထမင်းဝိုင်းအစုတွင်လည်း တစ်စုတည်းသာ ဖြစ်ကြသောကြောင့် ထောင်ထဲ ရောက်လာမှ သိကျွမ်းခြင်းဖြစ်စေကာမူ သံယောဇဉ် ငြိတွယ်လျက်ရှိနေကြပေ၏။ ကိုဖေအောင်မှာ ကျွန်တော့်ထက် တစ်နှစ်နီးပါးစော၍ ထောင်နန်းစံနေရခြင်းကြောင့်လည်း၊ ကျွန်တော့်မှာ မစုံလင်မပြည့်ဝသေးသော ထောင် ဗဟုသုတတို့ကို ကိုဖေအောင်ထံမှ ဆည်းပူးမှတ်သားနိုင်ခွင့် ရရှိနေပေ၏။

စိတ်အထင်၊ ထိုနေ့သည် သင်္ကြန်အကြိုနေ့ဟု အောက်မေ့မိ၏။ ထောင်နံရံ၏ တစ်ဖက်၊ စစ်ပုလိပ်တန်းလျားဆီမှ တစ်ချက်တစ်ချက်တွင် အိုးစည်စမ်းနေသံကို ကြားရပေ၏။ ကံ့ကော်နှင့် ပိတောက်နံ့ကလေးများသည်လည်း လေထဲ၌ သင်းပျံ့ပျံ့ရှိနေပေ၏။

ကျွန်တော်တို့နှစ်ယောက်သည် စကားတပြောပြောနှင့် ထောင်ဆေးရုံအနီးသို့ ရောက်လာခဲ့ကြရာ အထက်ထပ်ပြတင်းပေါက်တစ်ခု၌ အပြင်သို့ ငေးမျှော်နေသော အသက် ၆၀ နီးခန့်ပါးရောင်နှင့် အဘိုး

mgyoe.com

mgyoe.com


ကြီးတစ်ယောက်၏ မျက်နှာကို မော်ကြည့်မိကြပေ၏။ နဖူးရည်များ တွန့်လျက် ပါးများပင် ခွက်ဝင်နေပြီဖြစ်သော ထိုမျက်နှာတွင် ဖျော့တော့သော မျက်လုံးနှစ်လုံးမှာ ကျွန်တော်တို့ကို မြင်ဟန်ဘဲ ရွာတော့မည့် မိုးကဲ့သို့ မှိုင်းညို့ဆိုင်းဆို့လျက်ရှိပေ၏။

"တော်တော် နေကောင်းပလား... ဘကြီးထွန်း" ဟု ကိုဖေအောင်က မော့၍ နှုတ်ဆက်လိုက်၏။ သို့သော် ကျွန်တော်တို့၏ အသံကို ကြားဟန်မတူသောကြောင့် အဖြေမရခဲ့ပေ။

ကိုဖေအောင်သည် မီးသေနေသော ဆေးပြင်းလိပ်ကို မီးညှိလိုက်ပြီးနောက်...

"ဒီအဘိုးကြီးကို ကျုပ်ဘယ်နည်းနဲ့မှ ဖွင့်မပြောတော့ဘူး" ဟု အဆုံးအစမရှိ ငုံးတိတိပြောဆိုလိုက်ရာ...

"ဘာကို မပြောမှာလဲဗျ" ဟု ကျွန်တော်က ပြန်၍ မေးခွန်းထုတ်နေရတော့ပေ၏။

ထိုအချိန်တွင် ကျွန်တော်တို့သည် ထိုင်နေကျ သရက်ပင်ခြေရင်းသို့ ရောက်လာပြီ ဖြစ်သောကြောင့် နှစ်ယောက်သား ဝင်၍ ထိုင်လိုက်ကြပြီ၊ မီးခိုးများ ထောင်းထောင်းထလာအောင် ဆေးလိပ်များကို ကိုယ်စီဖွာလျက်ရှိပေ၏။

(၂)

"သေနတ်ကို မပြောနဲ့၊ ကိုယ့်တောင်ဝှေးကိုတောင် ကိုယ် အနိုင်နိုင် သယ်နေရတဲ့ လူအိုကြီးတစ်ယောက်ကို သူတို့ ဘာများ ကြောက်နေကြပါလိမ့်..." ဟု ကိုဖေအောင်က စကားဆက်၍နေ၏။

ကိုဖေအောင်သည် စောစောက ကျွန်တော်တို့ တွေ့ခဲ့ရသော ဘကြီးထွန်း၏ ကိုယ်ရေးကိုယ်တာကို ရည်ညွှန်းပြောဆိုနေခြင်း ဖြစ်ရာ

mgyoe.com

ဘကြီးထွန်း၏ အဖြစ်အပျက်ကို ဇာတ်စုံ မသိရသေးသော ကျွန်တော်သည် ကိုဖေအောင်၏ စကားတွင် ကြားမဝင်ဘဲ စူးစူးစိုက်စိုက် နားထောင်နေမိပေ၏။

ဘကြီးထွန်းသည် ကိုဖေအောင်နှင့် တစ်ရွာတည်းသား ဖြစ်၏။ အသက် ၆၂ နှစ် သားထောက်သမီးခံမရှိ၊ ဇနီး ဒေါ်သီတာအမည်ရှိ ပန်းနာသည် အဘွားအိုနှင့်အတူ တောင်ယာပဲခင်း လုပ်ကိုင်စားသောက်၏။ ရွာတွင် ရွာမိရွာဘ တစ်ဦးဖြစ်လျက်။ သူ၏ရိုးဂုဏ်ကြောင့် တောင်သူ လယ်သမားသမဒ္ဒ ငွေထိန်းလူကြီးအဖြစ် သမဂ္ဂက တင်မြှောက်ထား၏။ ကိုဖေအောင်မှာ အတွင်းရေးမှူး ဖြစ်လေသည်။ ကျွန်တော်သိထားသမျှမှာ ဤအထိသာ ဖြစ်၏။ ကိုဖေအောင်က သူ့စကားကို သူဆက်၍ ရှင်းပြန်လေသည်။

"အဘိုးကြီးက ခင်ဗျားကို ကျေးဇူးတင်တဲ့အကြောင်း ခဏခဏ ပြောရှာတယ်"

"ဘာဖြစ်လို့လဲ"

"သူ့အသက်ကို ခင်ဗျားက ကယ်လိုက်တာကိုး"

ဘကြီးထွန်း ထောင်ကို ရောက်စက ငှက်ဖျားတက်ရင်း... ရောက်လာ၏။ အသက်က ကြီး၊ ငှက်ဖျားခံကလေးကလည်း ရှိနေသည့်အထဲတွင် ဂါတ်အချုပ်၌ သမံတလင်းပေါ်တွင် ၅ ရက်တိတိ နေခဲ့ရပြန်သည့်အကြောင်းကြောင့် ငှက်ဖျားပြန်ထ၏။ ကျွန်တော်တို့ထံသို့ ရောက်လာစနေ့ကမူ ညသန်းခေါင်ကျော်လောက်၌ အပျင်းဖျားတော့၏။ ကျွန်တော်သည် ဆည်းပူးမှတ်သားထားသမျှ ဆေးနည်းကလေးအရ အသင့်ဆောင်ထားသော ထန်းလျက်နှင့် လေးညှင်းပွင့်ကို ပြုတ်၍ တိုက်ခြင်းဖြင့်လည်းကောင်း၊ ရှောက်ရည်ဂိုဠ်ကျစဉ်းခတ်ပေးခြင်းဖြင့်လည်းကောင်း၊ ငရုတ်ကောင်းနှင့် ခပ်ပြင်းပြင်း မှိုင်းတိုက်ပေးလိုက်ခြင်း

mgyoe.com

mgyoe.com

ဖြင့်လည်းကောင်း၊ နောက်တစ်နေ့ ညနေတွင် လူကောင်းပကတိ ဖြစ်သွားခဲ့၏။ ကျွန်တော်တို့အိပ်ထောင်တွင် လူငယ်များချည်း ရှိသဖြင့် ဇေလူ နေချင်သော ဘကြီးထွန်းသည် နောက် ၅ ရက်ခန့်အကြာတွင် ထောင်ဆေးရုံဟောင်းဖြစ်သော လူရှင်းသည့်အိပ်ထောင်သို့ ပြောင်းရွှေ့သွားရာ ကျွန်တော်နှင့် ကိုဖေအောင်တို့သာမက တစ်ထောင်လုံးကပင် ဘကြီးထွန်းအား စိတ်ချမ်းသာအောင် စောင့်ရှောက်အားပေး နေထိုင်လာခဲ့ကြလေသည်။

"ကံတူ အကျိုးပေးချင်းပဲ၊ ကျေးဇူးတင်နေစရာ မလိုပါဘူးဗျာ။ စိတ်ကောင်းကောင်းထား... ကောင်းကောင်းစား၊ ကောင်းကောင်းအိပ် ကျန်းမာရေး ဂရုစိုက်ထား။ အခုနေမှာ ဒါပဲ အရေးကြီးပါတယ်" ဟု ကျွန်တော်က ပြန်ပြောလိုက်၏။

"စိတ်လား... ဟာ အဘိုးကြီးက လူသာအိုဟာ စိတ်က အင်မတန်ခိုင်တဲ့ အဘိုးကြီးပဲဗျာ။ အမယ်ကြီး မမာမကျန်းနဲ့ သဲ့သဲ့ကလေး ကျန်ရစ်ခဲ့တာကို ဒီကနေ့အထိ စကားတစ်လုံးစပ်လို့တောင် မပြောဘူး။ သူ့တစ်သက်မှာ မတရားမှုဆိုလို့ တစ်ခါဘူးမှ မလုပ်ခဲ့ဘူးတဲ့။ သူလုပ်ခဲ့သမျှ သူ့ယုံကြည်ချက်အရ အားလုံး တရားတယ်တဲ့"

"သမဂ္ဂကို သူ တော်တော်ရိုင်းပင်းသလား"

"သမဂ္ဂဟာ သူ့အသက်ပဲလို့ ခဏခဏ ပြောလေ့ရှိတယ်"

"မြေယာ တော်လှန်ရေးကို သူ ထောက်ခံသလား"

"အဘိုးကြီးဟာ ဟိုအနှစ် ၅၀ လောက်တုန်းကလည်း လယ်ကူလီပဲ၊ အခုအဖမ်းခံရတော့လည်း လယ်ကူလီပဲ။ သူ့အဖေလည်း လယ်ကူလီ။ သူ့အဘိုးလည်း လယ်ကူလီ။ မြေယာတော်လှန်ရေးကို သူ ဘယ်မှာ မထောက်ခံဘဲ ရှိမလဲ။ သူ့ဘဝဟာ သူ့ယုံကြည်ချက်ရဲ့ စားသွေးကျောက်ပဲ။ ရန်သူတွေဟာ သူ့ရဲ့ခွန်အားကို ကြောက်တာ

mgyoe.com

မဟုတ်ဘူးဗျ၊ သူတို့ကြောက်တာက သူ့ရဲ့ ယုံကြည်ချက်နဲ့ သူ့ရဲ့ အသိတရားကို ကြောက်ကြတာ..."

"ယုံကြည်ချက်လက်ထိပ်နဲ့ ထောင်နံရံတွေက တိုက်မချနိုင်ပါဘူးဗျာ"

"စိန်ပြောင်းနဲ့ တင့်ကားတွေကလည်း မဖျက်ဆီးနိုင်ပါဘူး"

"ဗုံးကြဲလေယာဉ်ပျံလည်း အလကားပဲ"

"အဘိုးကြီးဟာ သံမဏိကြီးပဲ"

တရားမျှတမှုကို မြတ်နိုးတဲ့ သူ့စိတ်ဓာတ်ဟာ သံချပ်ကာ ကားတွေထက် မာပြီး ကျည်ဆန်တွေထက် ချွန်မြနေတော့ ဓားတွေကို သူဘယ်မှာ မှုတော့မလဲ။ အသက်ဆိုတာ ဒီနေရာမှာ နှမြောတွန့်တိုစရာ ပစ္စည်းတစ်ခု မဟုတ်တော့ဘူးဆိုတာ သူ နားလည်နေပြီ။

ကိုဖေအောင်သည် သူ့ရှေ့ရှိ ထောင်ဆေးရုံအပေါ်ထပ်သို့ မျှော်ကြည့်လျက်ရှိ၏။ သူ့နှုတ်ခမ်းများမှာ နဂိုက ခပ်ပါးပါးတွင် တင်းကျပ်စွာ စေ့ထားသဖြင့် အတွင်း၌ရှိသော သွားများပင် ပေါက်ထွက်လာလုမတတ် ရှိပေ၏။

"ဘကြီးထွန်းဟာ တကယ့်လူပဲ" ဟု ကျွန်တော်က ကောက်ချက် ချလိုက်ပေ၏။

"တချို့လူတွေဟာ သူ့လောက် စိတ်မခိုင်ကြဘူး ကိုစိုးမြင့်" ဟု ကိုဖေအောင်က ပြောပြန်၏။

သရက်သီးကင်းကလေးများကား ကျွန်တော့်တို့အနီး၌ တဖုတ်ဖုတ် ကြွေကျလျက်ရှိ၏။

"ကျွန်တော်လည်း နည်းနည်းတော့ သတိထားမိသားပဲ။ ထောင်နံရံကို ကျော်တက်ချင်တဲ့ လူတွေ ဗူးဝက 'လွတ်လူ' စာရင်းအော်ရင် ကိုယ့်နာမည်များ ပါမလားလို့ နေ့စဉ်နားစွင့်နေတဲ့ လူတွေ..."

mgyoe.com

mgyoe.com


"နောက်ပြီးတော့" ဟု ကိုဖေအောင်သည် ကျွန်တော်၏စကားကို ကြားဖြတ်လျက် တောင်မြောက်လေးပါးကို ကြည့်ရှုရင်း....

"အတွင်းက သတင်းကို သူတို့ရဲ့ ထောင်တွင်း လွတ်လပ်ရေးနဲ့ ရောင်းစားချင်တဲ့လူတွေလည်း အတော်အသင့် ရှိတယ်ဗျ။ ထူးဆန်းတယ်လို့တော့ မဆိုနိုင်ဘူးလေ... ရက်လတွေ ညောင်းလာတော့ မူလယုံကြည်ချက်ကို ဖယ်ရှားချင်လာတဲ့ မခိုင်မြဲမှုတွေပေါ့"

"ဒါလည်းပဲ လူတိုင်းနဲ့ မဆိုင်ပါဘူးဗျာ။ ဘဝနဲ့ လိုက်လို့ ဖြစ်ပါလိမ့်မယ်... တချို့ကျတော့ ဘဝမှု မမှန်ဘဲနဲ့လဲ။ နှီးစပ်မှုကြောင့် မျက်စိလည်လမ်းမှားပြီး တောင်အော် – မြောက်အော် လုပ်ရင်းနဲ့ ငါးပါးစပ်ထဲ လိမ့်ကျလာတာတွေလည်း ရှိတာပေါ့"

"ဒီလို လူတွေရဲ့ ရည်မှန်းချက်က ဘာတဲ့လဲ"

"ကျွန်တော်တော့ ရဲဘော် 'ဒီမီတရော့ဗ်' ပြောသလို ပြောရရင် အနစ်နာမခံနိုင်ကြတဲ့ 'သောက်ကြွား' အစားတွေထဲကပဲလို့ဆိုချင်တာပဲ... အကျဉ်းအကျပ် တွေ့လာတဲ့အခါမျိုး။ အနစ်နာခံတော့မယ့် အချိန်မျိုးကျတော့၊ ဒီလူတွေဟာ ယောဒီ သရက်သီးကင်းတွေလို တဖုတ်ဖုတ် ကြွေကုန်ကြတာပဲ။ ပထမတော့ ဟန်ရေး ဝါရေးကလေးတွေ တော်တော် ပြကြတာပဲ။ တစ်ပဲဖိုးလောက် လုပ်တဲ့ အလုပ်မျိုးကို တစ်ကျပ်ဖိုးလောက် ကြွားတတ်သလား – ကြွားတတ်ရဲ့။ ဂျပန်တော်လှန်တုန်းက ကျုပ်က ဘယ်နယ်မှာ တာဝန်ခံပဲ။ ပလက်တွန်းတစ်ခုကို ကျုပ်တစ်ယောက်တည်းက ဘယ်လိုအရှင်ဖမ်းလိုက်တာပဲနဲ့။ တကယ်ကျတော့ အလုပ်ကို စနစ်တကျလည်း မလုပ်တတ်ဘူး။ လုပ်ချင်စိတ်လည်း မရှိကြဘူး... လုပ်တတ်ဖို့လည်း ပညာမယူချင်ကြဘူး။ စွန့်စားရဲတဲ့ သတ္တိမျိုးလည်း မရှိ၊ ရှိတဲ့ လူကိုပဲ သူတို့က ဖျက်ဆီးချင်ကြသေးတယ်။ လှောင်ချင်ကြသေးတယ်။ ဘယ့်နှယ် ဘယ်သို့နဲ့ သူတို့ကပဲ

mgyoe.com

mgyoe.com

လူတတ်လူပညာရှိကြီးတွေ လုပ်ပြီး ဝေဖန်ရေး ဆရာကြီးတွေ လုပ်ချင်ကြသေးတယ်။ သူတို့ရဲ့ ရည်မှန်းချက်ကတော့ အသာစံဖို့ သက်သက်ပါပဲဗျာ။ သူတို့မှာရှိတဲ့ အာသာရမက်အတိုင်းဖြစ်မလာဘဲ တစ်ခုခု အကျဉ်းအကျပ်တွေ့လာတဲ့ တစ်နေ့ကျတော့.... "အဲ – ဒီအခါကျတော့ သူတို့ဇာတိပေါ်လာရောပေါ့"

"ဘကြီးထွန်းကျတော့ ခင်ဗျားပြောတဲ့ အမျိုးအစားထဲကို အခုလည်း မပါဘူး။ နောင်ကျတော့လည်း ပါမယ် မဟုတ်ဘူးလို့ ကျွန်တော် ပြောရဲတယ်ဗျာ"

"ဒါတော့ ဘဝက မှန်နေပေတာကိုးဗျ..."

"တစ်သက်လုံး ရွှံ့ထဲမှာနေပြီး ထွန်တုံးကို မရင်း–ဆွဲရင်းနဲ့ အသက်ရင့်လာရတဲ့ ဘကြီးထွန်းရဲ့ အရိုးအဆစ်တွေကို ကြည့်လိုက်စမ်း။ ဒီအရိုး အဆစ် အဖုအထစ်တွေဟာ တောင်သူလယ်သမားရဲ့ ဘဝကို ဘယ်မှာသစ္စာဖောက်နိုင်ပါ့မလဲ။ ခွက်နေတဲ့ သူ့ပါးမှာ ပေါင်ဒါမှုန့်တွေ ကပ်နေခဲ့တာရယ်၊ သိုးရည်နုနုကလေးနဲ့ အသားမနာအောင် ချုပ်ထားတဲ့ နောက်ပိတ်ဖိနပ်အစား၊ သမန်းဆီရစ်ပြီး ရွှံ့စားထားလို့ ခွံ့ကွာရေလဲဖြစ်နေတဲ့ သူ့ခြေသလုံးနဲ့ ခြေဖဝါး ဂျပ်ထူကြီးတွေရယ်၊ ဒီလက္ခဏာတွေဟာ မြေယာတော်လှန်ရေးကို တစ်သက်လုံးသစ္စာဖောက်မယ့်လက္ခဏာတွေ မဟုတ်ဘူးဆိုတာ သေချာပါတယ်။ ဒီလို လူမျိုးကျတော့ ထောင်နံ့ရံ့ရဲ့ ဟိုဘက်မှာရှိတဲ့ ချစ်သူရဲ့ရင်ခွင်ကို တကယ့်လွတ်မြောက်ရေးလို့ ဘယ်မှာ အမြင်မှားနေလိမ့်မလဲ"

"ချစ်သူဆိုလို့ ခင်ဗျားမှာကော... ကျန်ရစ်ခဲ့တာရှိသလား"

ကျွန်တော်သည် ကိုဖေအောင်၏ ကိုယ်ရေးကိုယ်တာကို စစ်ကြောလိုက်မိ၏။ ကိုဖေအောင်ကား ကျွန်တော်၏ မေးခွန်းကြောင့် ပြုံးစိစိဖြစ်၍ သွားပေ၏။ သူ့အပြုံးမှာ အချိန်အတော်ကြာပင်

mgyoe.com

mgyoe.com

သူ့မျက်နှာကို မစွန့်ခွာနိုင်ဘဲ ရှိနေပေ၏။

"ကျွန်တော့်မှာ သားကလေးနှစ်ယောက် သမီးကလေး နှစ်ယောက်။ သူတို့အမေပါနဲ့ လေးယောက်ကျန်ရစ်ခဲ့တယ်ဆိုပါတော့ဗျာ"

"ထောင်ဝင်စာလာခံတာလည်း တစ်ခါမှ မတွေ့မိပါကလား..."

ဟု ကျွန်တော်က သိချင်ဇောနှင့် မေးမိပြန်၏။

"မလာတာဟာ ကျွန်တော့်အဖို့ ပိုပြီး မကောင်းဘူးလား – ကိုစိုးမြင့်ရဲ့။ အမှန်တော့လည်း ရွာက အတော် ခရီးဝေးတယ် မဟုတ်လားဗျာ" နောက်ပြီး...

ကိုဖေအောင်သည် မီးခြစ်ဆံတစ်ချောင်းကို ထုတ်၍ နားတစ်ဖက်ကို ဖြည်းညှင်းစွာ အယားဖျောက်နေရင်းက...

"ကျွန်တော်ကိုယ်တိုင်ကလည်း အဖမ်းခံရကတည်းက ဘယ်တော့မှ ကျွန်တော့်ဆီကို လာမတွေ့နဲ့လို့ မှာပစ်ခဲ့တယ်ဗျ... လူ့စိတ်ဆိုတာဟာ အတော်အခက်သားလားဗျာ... ရင်သွေးတွေရဲ့ မျက်နှာနဲ့ မယားမျက်နှာကိုမြင်လိုက်ရရင် သံတိုင်ကို ချိုးချင် ဖွဲ့ချင်တဲ့စိတ်ပေါ်မလာဘူးလို့ ဘယ်သူဆိုနိုင်မလဲ"

ကျွန်တော်သည် ပြည်သူ့ပစ္စည်းအလွဲသုံးစားမှုနှင့် အကျဉ်းခံနေရသော အသက် ၄၀ ကျော် စာရေးကြီးတစ်ဦးကို တွေ့ဖူး၏။ သူ့ဇနီးသည် ဝဝဖိုင့်ဖိုင့်ကြီးသည် တစ်ပတ်လျှင် တစ်ကြိမ်မှန်မှန် ထောင်ဝင်စာခံ၍ လာတွေ့၏။ စာရေးကြီးသည် မျက်ရည်တရွှဲရွှဲနှင့် ထောင်အရာရှိများကိုမျှ အားမနာနိုင်။ သူ့အဘွားကြီးကို ပေါင်ပေါ်အတင်းဆွဲတင်ပြီး မွှေးမွှေးလုပ်လေ့ရှိ၏။ အဘွားကြီးကလည်း ဟန်လောက်သာ ရုန်းလေသည်။

"ကျွန်တော်တော့ သူတို့အကြောင်းကို မစဉ်းစားဘဲ နေလာတာဟာ စပြီးအဖမ်းခံရတဲ့ နေ့ကတည်းကပဲ။ စဉ်းစားလို့ကော သူတို့နဲ့

mgyoe.com

mgyoe.com

ကျွန်တော် ပြန်တွေ့နိုင်မလား။ သူတို့ရဲ့ ဝဋ္ဋဒုက္ခတွေကိုကော... ကယ်တင်နိုင်မလား၊ သူတို့အကြောင်းကို သတိရလေလေ၊ သူတို့သားအမိတွေရဲ့ မျက်နှာကို မြင်ယောင်လေလေ၊ ကျွန်တော့်ရည်မှန်းချက်ကျောက်တိုင်ဟာ ပဲ့ပဲ့ကျလေလေ ဖြစ်မှာပဲ။

ကိုဖေအောင်သည် ကျွန်တော့်ကို မကြည့်ဘဲ မြက်ဖုတ်ထဲကိုသာ စိုက်ကြည့်ရင်း သူ့စကားကို ဆက်နေ၏။

"ဘကြီးထွန်းကို ခင်ဗျားပြောလို့ မဖြစ်ဘူးဆိုတာက ဘာလဲ"

"ဒီကနေ့ ကျွန်တော်တို့ရွာက သမဂ္ဂဝင်နှစ်ယောက် ၅ နဲ့ ဒီရောက်လာကြပြန်ပြီလေ။ သူတို့ဆီက သတင်းတစ်ခုပါလာတာကို ပြောတာ... အဘိုးကြီးကိုမပြောပါနဲ့လို့တော့ ကျွန်တော် နှုတ်ပိတ်ထားတယ်"

"ဘာသတင်းမို့လဲ..."

"ဒေါ်သီတာဆုံးတာ ၁၀ ရက်လောက် ရှိပြီတဲ့..."

(၃)

၃ ရက်ခန့်မျှကြာသောအခါ ထောင်ထဲသို့ သတင်းတစ်ခု ပျံ့နှံ့ရောက်ရှိလာပေ၏။ ထိုသတင်းကား တောင်သူလယ်သမား သမဂ္ဂဝင်များ၊ တပ်နီများနှင့် ကွန်မြူနစ်ပါတီဝင်များကို လက်ရှိထောင်တွင် ဆက်မထားတော့ဘဲ သာယာဝတီထောင်သို့ မကြာမီအတွင်း ထောင်ပြောင်းဖို့တော့မည်ဆိုသော သတင်းပင် ဖြစ်၏။

ထိုသတင်းကို ယူလာသူမှာ ကိုဖေအောင်ဖြစ်ရာ ထောင်ထဲ၌ ထင်မြင်ချက်အမျိုးမျိုးပေးလျက် ရှိနေတော့၏။

"ဒီထောင်မှာ နောက်ကို တစ်ယောက်မှ မထားတော့ဘူးလို့လည်း ကြားတယ်"

"စစ်တပ် ထားမလို့များလား"

mgyoe.com

"ထောင်မှူးကျောင်းဖွင့်မလို့လိုလိုလည်း ပြောကြတယ်"

"သာယာဝတီထောင်မှာ အလေးမတဲ့ ကိရိယာတွေမှ ရှိပါ့မလား"ဟု အုတ်ခဲများကို တစ်ဖက်လျှင် ၆ လုံးစီ ဂုန်အိတ်နှင့် ထုတ်ပြီး ရေပိုက်လုံးနှင့် ချိပ်လျက်။ အလေးမကျင့်နေသော တပ်နီတစ်ဦးက စိုးရိမ်သွား၏။

"သာယာဝတီထောင်ဟာ အင်မတန်နေပူတယ်လို့ကြားဖူးတာပဲ"

သတင်းစာရောင်းရင်း ငါးဆွဲခံလာရသော ရဲဘော် စိန်တလုံးကား – သာယာဝတီသို့ ပို့လျှင် လမ်းခရီး၌ အသံလွှင့်သွားဖို့ဆိုပြီး ကတ်ပြားစက္ကူတစ်ချပ်ကို အော်လံလုပ်လျက်ရှိ၏။ သူဝတ်နေကျ "ဗိုလ်ချုပ်ယူနီဖောင်း" ကာကီထည်များကိုလည်း ကျကျနန ဖွတ်လျှော်ကာ မွေ့ရာအောက်သို့ ခေါက်ရိုးပြန့်အောင် နေထားတကျ ဆန့်၍ ဖိသွတ်နေ၏။

သို့သော် အားလုံးလိုလိုပင် မျက်စိမျက်နှာမကောင်းကြပေ။ သာယာဝတီထောင်သည် ယခုထောင်လောက်မှ နေရေးထိုင်ရေး အေးချမ်းပါမည်လားဟု စိတ်မောသူတို့လည်းရှိ၏။ ပေါင်းဟောင်းသင်းဟောင်းများနှင့် ခွဲခွာရမည်ကို စိတ်မကောင်းသူများလည်း ရှိနေပေသည်။

ကျွန်တော်ကား ကွန်မြူနစ်ပါတီနှင့် ဆက်သွယ်သည် ဟူသော အကြောင်းပြချက်ဖြင့် အဖမ်းခံနေရသူဖြစ်ရာ ထောင်ပြောင်းလျှင် ကျွန်တော်လည်း အတူပါရဖို့ ရှိနေ၏။ ကြားရသော သတင်းမှာ ခိုင်လုံကြောင်းနေ့ရက်သာ ရွေးဖို့ လိုတော့ကြောင်း သတင်းထွက်လာသော အခါ၌ ကျွန်တော်လည်း အရေးကြုံလျှင် ဆေးဝါးအဖြစ် အသုံးဝင်မည့် တောက်တိုမယ်ရပစ္စည်းကလေးများကို... သိမ်းဆည်းရင်း အသင့်ပြင်လျက် ရှိနေရပေ၏။

ကိုဖေအောင်ကား ထိုညများတွင် ကောင်းကောင်း မအိပ်၊ ည

mgyoe.com

mgyoe.com


ဘက်သို့ရောက်လျှင် ခုတင်ပေါ်၌ ပက်လက်ငြိမ်သက်နေရာမှ အများ အိပ်ချိန်သို့ရောက်သည်နှင့်တစ်ပြိုင်နက် သူသည် လူးလာတဲ့ပြန် လမ်းလျှောက်နေလေတော့သည်။ ကျွန်တော့်ကိုလည်း ရှေးကကဲ့သို့ စကားအမျှင်မပြတ်အောင် ပြောလာလေ့မရှိတော့ဘဲ တစ်စုံတစ်ရာ စဉ်းစားအကြံထုတ်နေသည့်အသွင် ရလေ၏။ ကျွန်တော်လည်း အလိုက်သိစွာပင် စာအုပ်တစ်အုပ်ဖြင့် တစ်ကိုယ်တည်း အချိန်ဖြုန်းနေလေ၏။

ညများမှာ ပျင်းရိခြောက်သွေ့ ငြီးငွေ့စရာကြီးပင် ဖြစ်ပေ၏။ တစ်ခါတစ်ရံ မိုးဖွားကလေးများ တစ်ဖြိုက်နှစ်ဖြိုက် ကျဆင်းလျက်လေသည် သံတိုင်များကို ဖြတ်သန်းအော်မြည်လျက် ရှိပေ၏။ နေ့ဘက်သို့ ရောက်ပြန်လျှင်လည်း လေပူကြီးသာလျှင် ထာဝစဉ် တိုက်ခတ်နေရကား... အိပ်ထောင်များမှာ လူရှင်းလျက် သစ်ပင်ရိပ်နှင့် အရိပ်ကောင်းသော မြက်ခင်းများတွင် လူစည်နေပေတော့၏။

ကျွန်တော်သည် ဘကြီးထွန်းထံသို့ နေ့လယ်ဘက်တွင် သွားရောက်ကာ၊ ရာဇဝင်ဗဟုသုတများကို ဆွေးနွေးပေ၏။ ဘကြီးထွန်းမှာ ရာဇဝင် အတော်ကြေသော ရှေးလူကြီးတစ်ဦးပင် ဖြစ်ကြောင်း သတိထားမိလာ၏။ သူ့ပေါင်တွင် ထိုးကွင်းများ ထိုးနှက်ထား၏။ ရင်ဘတ်တွင်လည်း စာနီများနှင့် စလွယ်သိုင်း ပြည့်နှက်လျက်ရှိ၏။ ရှေ့ဘိုရာဇဝင်ကို ကောင်းစွာနှံ့စပ်လျက် အလောင်းဘုရား၏ ပြောက်ကျားတပ်များအကြောင်းကို မြိန်ရှက်စွာ ပြောတတ်ပြီး စစ်မက်ဆိုတာအင်အားကြီးတာ၊ သေးတာ ပဓာနမဟုတ်ပါဘူး သူငယ်ရာ။ စစ်တိုက်တဲ့ ရည်ရွယ်ချက်ရဲ့ တရားဖြောင့်မှန်မှုနဲ့။ စစ်ပရိယာယ် သေနင်္ဗျူဟာသာ အရေးကြီးပါတယ်" ဟု သြဝါဒပေးလေ့ရှိ၏။

ကိုဖေအောင်က နှုတ်ပိတ်ထားသဖြင့် နှုတ်ဆိတ်ကာ ဒေါ်သီတာ၏သတင်းကို မြုံထားရသော ကျွန်တော်မှာ... အကယ်၍ ဖွင့်ပြောလိုက်မိ

mgyoe.com

mgyoe.com


သည့်တိုင်အောင် ဘကြီးထွန်းအဖို့ တုန်လှုပ်မည့် အရိပ်အယောင် မမြင်မတွေ့နိုင်ရကား ဤမျှလောက် အရေးကြီးသော သတင်းကို သို့ဝှက် ဖုံးဖိ၍ထားသင့် မထားသင့်၊ ချိန်ဆစဉ်းစားစရာ ဖြစ်၍လာ၏။

ကျွန်တော်သည် ကိုဖေအောင်နှင့် ထိုပြဿနာကို တိုင်ပင်ကြည့်ပြန်သည်။

"ကျွန်တော်တော့ စိတ်ထိခိုက်သွားမယ် မထင်ပါဘူး ကိုဖေအောင်ရာ။ အဘိုးကြီးက သာမန်လူထဲက မဟုတ်ပါဘူး..."

"ခင်ဗျားပြောတာ မှန်ပါတယ်။ ဒါပေမဲ့ ဘကြီးထွန်းဟာ ဒွေးလေးကို သိပ်ချစ်တာဗျ၊ ချစ်သမှ နှစ်ယောက်စလုံးဟာ တစ်ယောက်နဲ့ တစ်ယောက် အပျောက်မခံနိုင်သလောက်ပဲ။ ငယ်ငယ်ကတည်းက ညားခဲ့ကြတာဟာ တစ်သက်လုံး တစ်ခါဖူးမှ ကတောက်ကဆတ်များတာ မတွေ့ခဲ့ရဘူး – ဘူး၊ သူ့ကို ဖမ်းတုန်းက ဒွေးလေးရောဂါထလို့ သူ့ရင်ခွင်ထဲမှာ အသာမှေးပြီး ရင်ကို ဖိပေးနေတုန်းတဲ့ ဟိုရဲဘော်နှစ်ယောက်က ပြောပြလို့ သိရတယ်။ ပုလိပ်တွေ လာဖမ်းတော့ ဖမ်းမယ်လို့ ပြောပြီး ခေါ်တာမဟုတ်ဘူး။ ဌာနာပိုင်က ခဏတွေ့ချင်တယ်ဆိုပြီး ခေါ်တော့ ခဏထင်ပြီး ထလိုက်လာခဲ့တာ။ ဂါတ်ထဲရောက်မှ ဖမ်းပြီးဆိုတာ သိရတော့သတဲ့။ အဘွားကြီးလည်း ဒါနဲ့ပဲ သေရရှာတာပါပဲဗျာ" အဘိုးကြီးစိတ်ထဲမှာ သူ့မိန်းမ အခု အသိရှိနေသေးတယ်လို့ ထင်ချင် ထင်နေပါစေ။ ပြောလိုက်ရင် စိတ်ညှိုးငယ်သွားမှာ စိုးရတယ်။ ဒီအတိုင်းထားတာက ပိုကောင်းမလားလို့..."

ကျွန်တော်သည် ကိုဖေအောင်၏ အကြောင်းပြချက်ကြောင့် ဘကြီးထွန်းနှင့် နောက်ထပ်တွေ့တိုင်းလည်း ရေငုံနှုတ်ပိတ်၍သာ နေခဲ့ပေ၏။ ဘကြီးထွန်းမှာ အသက်အရွယ်ကြီးလာခဲ့ပြီဖြစ်သဖြင့် လူငယ်တွေလောက် အစားအသောက် မတောင့်တင်းနိုင်တော့သည်လည်း

mgyoe.com

mgyoe.com


သတိပြုမိပေ၏။ ထိုနေ့က ဘကြီးထွန်းသည် သာယာဝတီသူပုန် အရေးတော်ပုံနှင့် သူ၏လွတ်လပ်ရေး တပ်သားဘဝကို တုန်တုန်ရီရီ နှင့် ပြန်လည်ပြောပြနေစဉ် ကျွန်တော်သည် ဘကြီးထွန်း၏ရင်ဝဆီသို့ အကဲခတ်နေမိရာ အသက်ရှူပုံရှူနည်းမှာ အလွန်တရာမောပန်းချည့်နဲ့ ခြင်း ရှိနေသည်ကို သတိပြုမိပေ၏။ သို့ဖြစ်၍ ကျွန်တော်က ဆရာဝန် ကို ပြောပြကာ ဘကြီးထွန်းအတွက် နေ့စဉ် နွားနို့ပေးစေလိုကြောင်းကို ပင် အကြောင်းကြားခဲ့မိပေသေး၏။

သို့သော် ထိုနေ့ညတွင်ပင် သတင်းတစ်ရပ် ထွက်ပေါ်လာပြန် ပုံကား နောက်တစ်နေ့ နံနက်စောစော ထောင်ပြောင်းတော့မည်ဟူသော သတင်းပင် ဖြစ်ပေ၏။ ပြောင်းရွှေ့မည့်သူများစာရင်းတွင် ကျွန်တော့် နာမည်ကား ပါမလာပေ။

ကိုဖေအောင်သည် ထိုည၌ ကျွန်တော်နှင့် တစ်ညလုံး မအိပ်မနေ စကားပြောတော့၏။ နောက်ဆုံးည နှုတ်ဆက်နည်းဖြင့် ကျွန်တော့်ကို စကားစအောင် ပြောနေခြင်းပင် ဖြစ်တော့သည်။

"မသေသေးရင် တွေ့ကြရသေးတာပေါ့နော်ဗျာ"

ကိုဖေအောင်သည် ထိုစကားကို ထပ်ခါထပ်ခါပင် ပြောဆို လေ၏။

"ဘကြီးထွန်းကိုတော့ ကျွန်တော်ကောင်းကောင်း ဂရုစိုက်ပါ့ မယ်ဗျာ... စိတ်ချပါ။ အဖျားတက်ရင် ခင်ဗျားအရင်တစ်ခါတိုက်သလို ထန်းလျက်ရည် ပြုတ်တိုက်ရမယ်လား... ဟုတ်လား..."

"ဟုတ်ကဲ့..."ဟု ကျွန်တော်က တစ်လုံးချင်း လေးဆေးစွာဖြေ၏။ ကျွန်တော်၏စိတ်မကောင်းခြင်းကို ထိုညက ဖိနှိပ်၍ မရနိုင်ခဲ့ပေ။

"လွတ်မြောက်ရေးဟာ တရားမျှတမှုကို လိုလားတဲ့လူတွေ ဘက်မှာ အမြဲရှိနေပါလိမ့်မယ်ဗျာ... ဘယ်မှမပြေးနိုင်ဘူး"

mgyoe.com

mgyoe.com


"အင်း... မပြေးနိုင်ပါဘူး"

"ကျွန်တော် စဉ်းစားကြည့်မိတယ် ကိုစိုးမြင့်..."

"ဟုတ်ကဲ့..."

"လွတ်မြောက်ရေးဟာ ထောင်နံရံရဲ့ ဟိုဘက် အပြင်လောကမှာ မရှိသေးဘူးဗျနော်၊ အပြင်ဘက်လောကကို 'လွတ်လူ'အဖြစ်နဲ့ မဲစာရင်းကျပြီး ရောက်သွားတဲ့လူတွေဟာ လွတ်မြောက်ရေးရဲ့ အရသာကို ဘယ်နေရာမှာ ကိုင်စမ်းလို့ တွေ့နိုင်ပါဦးမလဲ။ ဒါနဲ့လည်း ဒီဘက်ထဲက လူတွေဟာ အပြင်လောကကို သိပ်တောင့်တနေကြတယ်။ သိပ် လွတ်ချင်နေကြတယ်။ အပြင်လောကနဲ့ ဒီအထဲက လောကဟာ ဘာများခြားနားသလဲ။ အုတ်နံရံတစ်ခုကလေးပဲ ခြားနားနေတယ်။ ဒီနံရံကြီးကို ဖြိုချလိုက်ဗျာ။ သံဆူးကြိုးတွေ ဖယ်ပစ်လိုက်ဗျာ၊ ကိုင်း... အပြင်လောကကြီးနဲ့ ဒီအထဲ လောက တစ်ဆက်တည်း ဖြစ်သွားပါပြီတဲ့။ ဘာတွေထူးလာမလဲ။ ဘကြီးထွန်းလည်း လယ်ကူလီဘဝ။ ကျွန်တော်လည်း လယ်သမား၊ ခင်ဗျားလည်း မဝတဝစားနေရဦးမယ့် နင်းပြား..."

"အင်း... နင်းပြား..."

"ကျွန်တော် ညတိုင်း ညတိုင်း – ဒီပြတင်းပေါက်က ရပ်ပြီး ထောင်နံရံရဲ့ အပြင်ဘက်ကို ကြည့်မိတယ်။ တစ်ခါတစ်ခါ ကျွန်တော့်ကိုယ်ဟာ ထောင်နံရံကို ဖက်တက်နေတယ်။ တက်နေပြီ၊ တက်နေပြီ၊ အပေါ်ရောက်သွားပြီ၊ ဟိုဘက်ကို ခုန်ချကြည့်လိုက်တယ်။ ကျွန်တော်ရှူရှိုက်ရတဲ့လေဟာ ထောင်တွင်းလောကရဲ့ လေနဲ့၊ ဘာမှ မခြားလှပါဘူးဗျာ... ပိုလည်း အားအင် လန်းဆန်းမလာပါဘူး။ ကျွန်တော်တို့ရဲ့ လွတ်မြောက်ရေးဟာ အပြင်ဘက်မှာလည်း မရှိသေးပါဘူး"

"မမြင်ရတဲ့ လက်ထိပ် ခြေထိပ်တွေဟာ လူတိုင်းရဲ့ ကိုယ်မှာ တန်းလန်းနဲ့"

mgyoe.com

mgyoe.com


"အဲ... ခင်ဗျားတို့ စာရေးဆရာတွေရဲ့လက်တွေဟာ ဒါကြောင့် ထင်ရဲ့။ သိပ်မသွက်လက်တော့ဘူး။ နွေးလိုက်တဲ့ အနွေးလိုက်။ ဆိုင်းလိုက်တဲ့ အဆိုင်းလိုက်။ ဒါနဲ့များတောင် ခင်ဗျားတို့တစ်တွေဟာ 'အိစက်ညက်ညောတဲ့ ဖဲမွေ့ရာပေါ်မှာ' ဘဲ နှုတ်ခမ်းချင်း စုပ်တဲ့ ဇာတ်တွေကို ပြနေသေးတယ်။ တင်ပါးဆုံကားကား... ပေါင်တံလုံးအိအိ၊ ဆံတောက် သိမ်းစကောင်မကလေးနဲ့ ဘိလပ်ပြန် ဝတ်လုံဂေါ်ရာ အရပ်အမောင်းနဲ့ လူပျို့သိုးတို့ အခန်းထဲ၊ ထု ၁၂ လက်မရှိတဲ့ မွေ့ရာပေါ် ကတော်ကတော်လုပ်တာကို အဖေအရင်း၊ အမေအရင်းတွေက ချောင်းကြည့်၊ အခ်ိခ်ိ ဖြစ်နေတာတွေထဲကပဲ မတက်ချင်ကြသေးဘူး ... လွတ်မြောက်ရေးဟာ... ဇာခြင်ထောင်ထဲမှာလား၊ လယ်ကွင်းထဲမှာလား။ ခင်ဗျား ဖြေစမ်း..."

"လယ်ကွင်းထဲရောက်အောင် ဇာခြင်ထောင်ထဲမှာ စီမံဖော်စပ်ရတယ် မဟုတ်လားဗျာ... ဟဲ... ဟဲ..."

ထိုညကား စိတ်ညှိုးငယ်စရာလည်း အကောင်းဆုံး၊ စိတ်အားတက်စရာလည်း အကောင်းဆုံး ညတစ်ညဖြစ်ခဲ့ရ၏။

ကျွန်တော်တို့သည် တစ်ယောက်တစ်ပြန် စကားဖောင်းလောက်အောင် ပြောဆိုနေကြရာ မိုးစင်စင်လင်းသည်အထိ နှစ်ယောက်စလုံး သန်းဝေခြင်းလည်း မရှိ။ မျက်တောင်လည်း မစင်းခဲ့ပေ။

ကျွန်တော်သည် ကိုဖေအောင့်ထံမှလည်းကောင်း၊ အခြားထောင်ပြောင်း ရဲဘော်များထံမှလည်းကောင်း၊ ကျွန်တော်၏မှတ်စုစာအုပ်ကလေး၌ အမှတ်အရ ဖြစ်စေမည့် စာကလေးများ ရေးသားပေးခဲ့ရန် တောင်းခံရာ၊ လူ ၂၀ ကျော်၏ လက်ရေး စာမူကလေးများကို ရရှိလိုက်၏။

ကိုဖေအောင်က အောက်ပါအတိုင်း ရေးပေးခဲ့သည်။

mgyoe.com

mgyoe.com


"ခြင်ထောင်နဲ့ ဝေးဝေးခွာ၍ သဘာဝကို မျက်နှာပြုပါ..."

ဘကြီးထွန်းက အောက်ပါအတိုင်း သူ၏ တုန်သော လက်များဖြင့် ကောက်ကောက်ကွေ့ကွေ့ ရေးပေးခဲ့သည်။

"ကျုပ် ဒီဘဝက လွတ်ချင်တယ်..."

(၄)

နံနက် ၆ နာရီလောက်တွင် ထောင်ကားကြီးသည် လက်နက်ကိုင် ပုလိပ်များ ခြံရံလျက် ကျွန်တော်၏ ပေါင်းဟောင်းသင်းဟောင်း ၂၀ ကျော်ကို သာယာဝတီထောင်သို့ သယ်ဆောင်သွားပေ၏။

ကျွန်တော်သည် ဘကြီးထွန်းကို ဖူးဝအထိ တွဲ၍ ပို့လိုက်ရာ ဘကြီးထွန်း၏ ခြေထောက်များမှာ ဇရာထောင်းသဖြင့် ချည့်ချည့်နဲ့နဲ့ ဖြစ်နေသည်ကို သတိပြုမိ၏။ အားအင်လည်း များစွာကုန်ခန်းလျက် ရှိနေရကား ကျွန်တော်သည် ကြမ်းတမ်းလှသော ခရီးအတွက် စိတ်မကောင်းခြင်း ကြီးစွာ ဖြစ်ရပေ၏။

"သွားပေတော့ ဘကြီးထွန်း"

"ကြီးတောင်းကြီးမှ... ငါ့ကို ဘယ်ရောက်အောင်များ ပို့ကြဦးမလဲကွယ်။ သြော်... ဘုန်းကြီးကြပါစေ... သက်ရှည်ကြပါစေ... ကိုင်းဘတော့ သွားဦးမယ် သူငယ်ရေ..."

ကျွန်တော်သည် တစ်နေ့လုံး အိပ်ရာထဲ၌ခွေ၍ စိတ်လက်မကောင်းလှသဖြင့် မထဘဲနေလေ၏။ ထောင်တစ်ခုလုံးလည်း ခါတိုင်းနေ့များကနှင့်မတူ အထူးတလည် ဆိတ်ငြိမ်နေသည်ဟု ထင်မိ၏။

လေမှာ ပူလွန်းလှတော့သည်။ မိုးရွာလိုက်လျှင်လည်း ကောင်းပေမည်။ ယခုတော့ ပူစပ်ပူလောင်နှင့် ပျင်းရိငြီးငွေ့ဖွယ်ရာ ဖြစ်နေတော့သည်။ ခါတိုင်းဆိုလျှင် ရဲဘော် စိန်တစ်လုံး၏ သီချင်းသံကလေးဖြင့်

mgyoe.com

mgyoe.com


ပျင်းရိခြင်းကိုဖြေရ၏။ သူကား အသံကောင်း၏။ အဆိုပိုင်၏။ သီချင်းလည်း စပ်တတ်၏။ သူရေးစပ်၍ သူကိုယ်တိုင် သီဆိုလေ့ရှိသော "ဩော်... လောကကြီးမှာ... ဖော်လံဖား လုပ်ရင် ကောင်းလိမ့်မယ် ထင်တယ်..." ဟူသော လာမယ်... လာမယ်... မကြည်ရဲ့ တေးအလိုက် သီချင်းသံကိုကြားလျှင် ကျွန်တော်သာလျှင်မက အားလုံးပင် စိတ်ရွှင်ချမ်းမြေ့၍ လာကြ၏။ ယခုကား သူ မရှိတော့ပြီ။

အလောင်းဘုရား၏ပြောက်ကျားတပ်ရာဇဝင်ကိုလည်း ဘကြီးထွန်း မရှိတော့သဖြင့် ဆက်လက်မကြားနာရတော့ပြီ။

မြွေပွေးတောထဲတွင် ကိုင်းခုတ်ရသော သူတို့၏ လယ်ကူလီဘဝကို ပြောလေ့ရှိသည့် သမဂ္ဂဝင် မောင်ဖြူလေး၏ လယ်သမားလောကအကြောင်းကိုလည်း မကြားရတော့ပြီ။

နေ့သည် အချိန်ကုန်ခဲလှတော့၏။ သစ်ရွက်ခြောက်များသာလျှင် တရှဲရှဲကြွေနေကြသည်။ သရက်သီးကင်းများသာလျှင် တဖုတ်ဖုတ် ကြွေကျနေကြသည်။ နေ့ကား ကုန်နိုင်ကြွေနိုင်ခဲပါဘိ။

ကျွန်တော်တို့ ညနေစောင်းကာမှ အိပ်ရာမှထလျက် ကိုဖေအောင်နှင့် ထိုင်နေကျ သရက်ပင်ခြေရင်းသို့ သွားရောက်ထိုင်မိ၏။ အပူရှိန်ကား မပြေသေး။ မြေငွေ့မှာ တရှိန်ရှိန် တောက်နေတုန်းပင်။

ဘကြီးထွန်း၏အခန်းသို့ မော်ကြည့်မိ၏။ ပြတင်းတံခါးသည် ပိတ်လျက်...။

ဖြည်းဖြည်း နေဝင်လာသည်။ မှောင်စပြုလာသည်။

ထောင်ဝမှ ကားသံတစ်ခု ကြားရသည်။

ကျွန်တော်သည် အိပ်ရာသို့ ပြန်ခဲ့ပြီး ခုတင်ပေါ်၌ပြန်၍ခွေနေလိုက်၏။

အိပ်ထောင်တံခါးပိတ်ချိန်လောက်တွင် လူ ၅ ယောက် အိပ်

mgyoe.com

mgyoe.com


ထောင်ထဲသို့ ဝင်လာကြသည်။ သူတို့နောက်မှ လူတချို့ စုပြုံ၍ လိုက်လာကြသည်။

မည်သူတွေနည်း။ နံနက်က သာယာဝတီထောင်သို့ ပို့လိုက်သော လူ ၂၅ ယောက်ထဲမှ ၅ ယောက်ဖြစ်၏။ ဘာကြောင့် ပြန်လာကြသနည်း။ ကပျာကသီထ၍ ထိုင်ရင်း သူတို့ဆီသို့ ပြေးသွားမိ၏။

"ဘာဖြစ်လို့လဲ ဘာဖြစ်လို့ ပြန်လာတာလဲ..."

တစ်ယောက် တစ်ယောက် မေးသံများမှာ ဗြောက်အိုး ဖောက်နေသကဲ့သို့ ထင်ရ၏။

ပြန်လာကြသူများကား စကားမထွက် မျက်နှာများ နီမြန်းလျက်ရှိ၏။ ထူးထူးဆန်းဆန်း နီမြန်းလှသည်ဟုလည်း ထင်မှတ်မိ၏။

ခုတင်ပေါ်တွင် ကိုယ်ကို ပစ်လှဲကြရင်း အားလုံး ငြိမ်သက်တိတ်ဆိတ်နေလေသည်။

အတန်ကြာမှ တစ်ဦးပြန်ဖြေသည်။

"ထောင်ကျတွေ လက်မခံဘူးတဲ့။ ပုဒ်မ ၅ ချည့်သက်သက်သာ လက်ခံမယ်တဲ့။ ကျုပ်တို့ကို ဒီပြန်ပို့လိုက်တယ်"

မှန်ပေသည်။ ဤသူ ၅ ယောက်ကား ပဲခူးနယ်တွင် ဆန်လုမှုနှင့် ထောင်ဒဏ် နှစ်နှစ်ခွဲစီကျနေသော တပ်နီများ ဖြစ်ကြ၏။

တစ်ထောင်လုံး တိတ်ဆိတ်သွားလေသည်။

သူတို့၏ ခုတင်များမှာ နံနက်ကပင် ထောင်အရာရှိများ ပြန်လည် သိမ်းယူသွားပြီဖြစ်သဖြင့် အိပ်ရာမရှိ ဖြစ်နေ၏။ အသင့်ရှိသော အခြားခုတင်များပေါ်သို့ သူတို့ဝင်၍လှဲနေကြရာ မောင်သီဟဆိုသူမှာ ကျွန်တော်၏ ခုတင်ပေါ်တွင် ဝင်လှဲနေ၏။

"ရဲဘော်ကြီးရာ... မပြောပါနဲ့တော့ဗျာ..."

သူတို့အားလုံးက ကျွန်တော့်ကို ရဲဘော်ကြီးဟု ခေါ်လေ့ရှိ၏။

mgyoe.com

mgyoe.com

ကျွန်တော်လည်း အလောသုံးဆယ်မမေးဘဲ မောင်သီဟာ၏အပြောကို ဆက်လက်နားထောင်နေမိ၏။ သူ့မျက်နှာမှာ မီးကင်ဘိသကဲ့သို့ ရဲရဲ တောက်လျက် ရှိနေပေ၏။

"ဖူးဝရောက်တယ်ဆိုရင်ပဲ တုတ်ကိုင်တွေက ကျွန်တော်တို့ကို ပုံစံအထိုင်ခိုင်း အဝတ်ချွတ်နဲ့ တုတ်စာရော ဖနောင့်စာရော ကျွေးတော့တာပဲ။ ကျွန်တော် မပြောချင်ပါဘူးဗျ..."

သို့သော် မောင်သီဟာမှာ မပြောဘဲ မနေနိုင်ပါ။ ဆက်၍ပြောပြပါ၏။

"အားလုံးသွေးခြင်းခြင်းနီသွားတာပဲ။ ကျွန်တော်တို့ ၅ ယောက်ကိုတော့ သပ်သပ်ခွဲပြီး ဒဏ်ရာမပေါ်အောင် ငါးဖယ်တေ–တေလွှတ်လိုက်တာ။ ပြန်လွှတ်ရမယ့်လူ လူတွေမို့လို့ ထင်တာပဲ"

ကျွန်တော်၏ နှုတ်ခမ်းများကား တလှုပ်လှုပ် တရွရွဖြစ်နေ၏။

"ဘကြီးထွန်း..."

"ဘကြီးထွန်း သွေးအိုင်ထဲမှာ လဲနေတာကို ကိုဖေအောင် ဆွဲထူနေတာကို မြင်လိုက်တာပဲ။ ကိုဖေအောင်မှာလည်း ခေါင်းက သွေးတွေဖြာထွက်လို့ နောက် ဘာမှမမြင်ရတော့ဘူး။ ကျွန်တော်လည်း မူး"

ကျွန်တော်သည် နားကို ပိတ်လိုက်ရပါ၏။

ထိုညတွင် ကျွန်တော့်မှာ မျက်စိကြောင်နေ၏။ မှတ်စုစာအုပ်ကလေးကို မကြာခဏထုတ်ကြည့်မိ၏။ ကွေ့ကောက်သော လက်ရေးများဖြင့် တုန်တုန်ချည့်ချည့် ရေးထားခဲ့သော ဘကြီးထွန်း၏ လက်ရေးကလေးကိုသာ ထပ်တလောလောကြည့်မိ၏။

"ကျုပ် ဒီဘဝက လွတ်ချင်တယ်" တဲ့...။

တာရာ၊ အတွဲ(၄)၊ အမှတ်(၂၇)၊ ၁၉၅၀

❑

mgyoe.com